mgyoe.com SAMPLE BOOK

# AN INTRODUCTION TO ADVOCACY

# ရှေ့နေပညာနိဒါန်း

ဦးမြင့်ဝင်း (ရွှေဘို)

mgyoe.com

mgyoe.com SAMPLE BOOK

ရှေ့နေရှေ့ရပ်လုပ်ငန်းမှာ အမှန်စင်စစ် ခက်ခဲသော အတတ်ပညာလုပ်ငန်း ဖြစ်ပါသည်။ စည်းကမ်းကျင့်ဝတ်များနှင့်အညီ ဆောင်ရွက်သည့်တိုင် အမှန်ဆုံး၊ အကောင်းဆုံး အဖြေရလဒ် ပေါ်ချင်မှပေါ်ပါသည်။ သို့ရာတွင် ကျင့်ဝတ်စောင့်ထိန်း၍ တာဝန်ကို ကျေပွန်အောင် အစွမ်းကုန် ဆောင်ရွက်ခဲ့ခြင်းသည် နောင်အစဉ်အဆက် ရှေ့နေရှေ့ရပ်များ၏ ဂုဏ်သိက္ခာ (Honour and Dignity) နှင့် သမိုင်းတွင် အမြဲအမှတ်ရစေနိုင်မည် ဖြစ်ပါသည်။

WISDOM HOUSE

mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

❑ ရှေ့နေအတတ်ပညာကို ကျင့်သုံးရာတွင် အတတ်ကောင်း၊ အတတ်ဆိုး ဟူ၍ ခွဲခြား ကျင့်သုံးသည့် သဘောတရား မရှိပါ။ ရှေးအစဉ်အဆက် မှစ၍ ယနေ့အထိ အခြား အတတ်ပညာများ နည်းတူပင် ရှေ့နေ ပညာသည် လေ့ကျင့် သင်ကြားမှုဖြင့်သာ တတ်မြောက်ရပါသည်။ ဖြတ်လမ်းဟူ၍ မရှိပါ။

*ရှေ့နေလုပ်ငန်း၏ သဘာဝ မှ*

❑ ရှေ့နေတစ်ဦးသည် ရာဇဝင် သမိုင်း ဘာသာရပ်၊ နိုင်ငံရေးသိပ္ပံ ဘာသာရပ်၊ စီးပွားရေးပညာ ဘာသာရပ်များတွင်ဖြစ်စေ၊ အခြားနိုင်ငံ များ၏ ဖွဲ့စည်းပုံ အခြေခံဥပဒေများ၊ အပြည်ပြည်ဆိုင်ရာ ဥပဒေများ တွင် ဖြစ်စေ ဗဟုသုတအဖြစ် လေ့လာ သိရှိထားရန် လိုပါသည်။ သို့မှသာ မိမိ ရင်ဆိုင် ကြုံတွေ့ရသည့် ပြဿနာအတွက် အဖြေကို အလွယ်တကူ တွေ့နိုင်ပါလိမ့်မည်။

*အယ်လ် သုံးလုံးနှင့် စီ ငါးလုံး မှ*

mgyoe.com

mgyoe.com SAMPLE BOOK

❑ အမှုသည်၏ အကျိုးကို ဆောင်ရွက်ရန်မှာ အမြင့်ဆုံးတာဝန်ဖြစ်သည် ဆိုသည့်တိုင် လူသားပီပီသသ ဆောင်ရွက်ရန် ဖြစ်သည်ကို မမေ့သင့်။ အမှုသည်အပေါ် သစ္စာရှိရန်မှာ အရေးကြီးပါသည်။ သို့ရာတွင် ယင်းသို့ ထားရှိရသည့် သစ္စာတရားက အခြားအရာခပ်သိမ်းကို လွှမ်းမိုးရန် မဟုတ်ပါ။

*ရှေ့နေလုပ်ငန်း၏ သဘာဝ မှ*

❑ လိမ်လည် ထွက်ဆိုခြင်းကို ကောက်ကျစ် စဉ်းလဲသော နည်းလမ်းဖြင့် ဖော်ထုတ်ရန်မဟုတ်၊ အမှန်ကို မြင်သာထင်သာစေခြင်းဖြင့် ဖော်ထုတ်ရန်သာ ဖြစ်ပါသည်။ ကောက်ကျစ် စဉ်းလဲသော နည်းလမ်းဖြင့် ဖော်ထုတ်ရမည် ဆိုပါကလည်း သက်သေ၏ ကောက်ကျစ်စဉ်းလဲမှုသာ ဖြစ်ရပါမည်။ ရှေ့နေ၏ ကောက်ကျစ်စဉ်းလဲမှု မဖြစ်စေရပါ။

*ပြန်လှန်စစ်မေးခြင်း မှ*

❑ မေးရမည့် မေးခွန်းကို မပျက်မကွက် မေးမြန်းနိုင်စွမ်းသကဲ့သို့ မေးရန်မလိုပါဘဲလျက် မိမိဆန္ဒ၊ ဒေါသကို ဖြေဖျောက်သည့် မေးခွန်းများ မေးတတ်သော လိုင်စင်ရ ပါးစပ်သရမ်းသူအဖြစ် မရောက်စေရန် ထိန်းချုပ်နိုင်စွမ်းသည်လည်း ရှေ့နေတစ်ဦး၏ အရည်အသွေးပင် ဖြစ်ပါသည်။

*ပြန်လည်စစ်မေးခြင်း မှ*

❑ မိမိ၏ ဆင်ခြင်ဉာဏ် ပြည့်ဝစွာ သည်းခံ တိတ်ဆိတ်နေမှုသည် ထက်မြက်သော တုံ့ပြန် ဆောင်ရွက်မှုကို ဖြစ်ထွန်းစေရပါမည်။ ဆတ်ဆတ်ထိမခံ တုံ့ပြန်တတ်ခြင်း၊ အချိန်နေရာမရွေး အတိုက်အခံပြုနေခြင်းတို့သည် ရှေ့နေတစ်ဦး၏ တက်လမ်း မဟုတ်ပါ။ အခြားတစ်ဖက်တွင်လည်း တရားခွင်တွင် ရှေ့နေတစ်ဦးသည် တစ်ဖက်နှင့် တိုက်ခိုက် ငြင်းခုံခြင်း မလုပ်လိုတော့ပါလျှင် သူ့အသက်မွေးအလုပ်ကို ရပ်ဆိုင်းလိုက်ရုံသာ ရှိပါတော့သည်။

*ရှေ့နေလုပ်ငန်း၏ သဘာဝ မှ*

mgyoe.com

mgyoe.com SAMPLE BOOK

WISDOM HOUSE
တအုပ် ၉၂

# ရှေ့နေပညာနိဒါန်း

## AN INTRODUCTION TO ADVOCACY

ဦးမြင့်ဝင်း (ရွှေဘို)

WISDOM HOUSE
၀၁-၅၄၅၀၃၆၊ ၀၉-၅၀၅-၈၅၃၃၊ ၀၉၄၉-၂၈၈၉၄၈
*wisdomhouse.mm@gmail.com*

mgyoe.com

mgyoe.com SAMPLE BOOK


| | |
|---|---|
| ပထမအကြိမ် | ဇွန်လ၊ ၂၀၁၃ ခုနှစ် |
| အုပ်ရေ | ၅၀၀ |
| ထုတ်ဝေသူ | ဦးမောင်မောင်<br>Wisdom House စာအုပ်တိုက်<br>အခန်း ၁၀၁၊ တိုက် ၁၁၉၁-၁၁၉၂၊<br>လက်ဝဲမင်းဒင်လမ်း၊<br>မေတ္တာညွန့်ရပ်ကွက်၊<br>တာမွေမြို့နယ်၊ ရန်ကုန်မြို့။ |
| ပုံနှိပ်သူ | ဒေါ်ခင်လှ<br>စာပေလောကပုံနှိပ်တိုက်၊<br>အမှတ် ၁၇၇၊ ၃၃-လမ်း၊<br>ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ |
| မျက်နှာဖုံးဒီဇိုင်းနှင့်<br>အတွင်းအပြင်အဆင် | H. Lwin |
| တန်ဖိုး | [redacted] ၆၀၀၀ ကျပ် |

၃၄၀

မြင့်ဝင်း၊ ဦး (ရွှေဘို)

ရွှေနေပညာနိဒါန်း / ဦးမြင့်ဝင်း (ရွှေဘို) - ရန်ကုန်၊

Wisdom House စာအုပ်တိုက်၊ ၂၀၁၃။

၁၅၂- စာ၊ ၁၁. ၉ x ၁၈. ၂ စင်တီ။

(၁) ရွှေနေပညာနိဒါန်း


mgyoe.com

mgyoe.com SAMPLE BOOK

## ဦးမြင့်ဝင်း (ရွှေဘို)

အဖ ဦးတင်၊ အမိ ဒေါ်လေးရှိန်တို့မှ ၁၉၅၂ ခုနှစ် ဇူလိုင်လ ၃၁ ရက်နေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ် ဇီးတော ကျေးရွာ၌ မွေးဖွားသည်။ ၁၉၆၈-၆၉ ခုနှစ်တွင် ရွှေဘိုမြို့ အမှတ် (၂) အစိုးရ အထက်တန်းကျောင်းမှ ဒသမတန်း အောင် မြင်သည်။ ၁၉၇၃-၇၄ ခုနှစ်တွင် ရန်ကုန် ဝိဇ္ဇာနှင့်သိပ္ပံ တက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့နှင့် ဥပဒေဝိဇ္ဇာဘွဲ့ ရရှိသည်။

၁၉၇၅ ခုနှစ်တွင် ရွှေဘိုမြို့၌ အထက်တန်းရှေ့နေအဖြစ် လိုက်ပါဆောင်ရွက်သည်။ ၁၉၇၆ ခုနှစ်တွင် ပြည်သူ့ဥပဒေ အကျိုးဆောင်အဖွဲ့ ဗဟိုဥပဒေရုံး၌ ဥပဒေဝန်ထမ်း အဆင့် (၄) အဖြစ် စတင်တာဝန်ထမ်းဆောင်သည်။ ထို့နောက် ကသာ ခရိုင်နှင့် ရွှေဘိုခရိုင်တို့တွင် မြို့နယ်ဥပဒေအရာရှိအဖြစ်လည်း ကောင်း၊ ဟသ်ာတခရိုင်၊ မန္တလေးခရိုင်နှင့် လားရှိုးခရိုင်တို့တွင် ခရိုင်ဥပဒေအရာရှိအဖြစ်လည်းကောင်း၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် ပြည်နယ်/တိုင်းဒေသကြီး ဥပဒေအရာရှိအဖြစ်လည်းကောင်း၊ ရှေ့နေချုပ်ရုံးတွင် ဒုတိယ ညွှန်ကြားရေးမှူးချုပ်နှင့် ညွှန်ကြား ရေးမှူးချုပ် (တာဝန်) အဖြစ်လည်းကောင်း အဆင့်ဆင့် တာဝန် ထမ်းဆောင်ခဲ့သည်။

mgyoe.com

mgyoe.com SAMPLE BOOK

၂၀၁၂ ခုနှစ်တွင် နိုင်ငံ့ဝန်ထမ်းအဖြစ်မှ သက်ပြည့် အငြိမ်းစားယူကာ မန္တလေးမြို့၌ တရားလွှတ်တော်ရှေ့နေအဖြစ် လိုက်ပါဆောင်ရွက်သည်။

၂၀၁၃ ခုနှစ်တွင် နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ ခုံရုံး အဖွဲ့ဝင်အဖြစ် တာဝန်ပေးအပ်ခြင်းခံရသည်။

အမည်ရင်း ဦးမြင့်ဝင်း ဖြစ်သည်။

mgyoe.com

mgyoe.com SAMPLE BOOK

# မာတိကာ


❑ စကားဦး ၁

၁။ ရှေ့နေလုပ်ငန်း၏ သဘာဝ ၅

၂။ အယ်လ်သုံးလုံးနှင့် စီငါးလုံး ၂၇

၃။ သက်သေစစ်မေးခြင်း အခြေခံနှင့် အဓိက စစ်မေးခြင်း ၆၅

၄။ ပြန်လှန်စစ်မေးခြင်း (Cross- examination) ၈၇

၅။ ပြန်လည်စစ်မေးခြင်း (Re-examination) ၁၂၃

၆။ ဆန္ဒ ၁၄၁


mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

## စကားဦး

ရှေ့နေပညာဖြင့် အသက်မွေးမှုလုပ်ငန်းကို မွန်မြတ်သော လုပ်ငန်းအဖြစ် အသိအမှတ် ပြုထားကြပါသည်။ ဥပဒေ ဟူသော စကားလုံးနှင့် တရားခွင်၏ အာဏာပိုင်စိုးမှုဟူသော စကားလုံးများသည် ဟိတ်ဟန်ကြီးပါသည်။ အမှုအခင်း၊ အငြင်း အခုံ ဖြစ်ကြရ၍ တရားဥပဒေဖြင့် ရင်ဆိုင်ဖြေရှင်းကြရန် ရှိလာ ပြီ ဆိုလျှင် ထိုဟိတ်ဟန်ကြီးလှသော အရပ်ဒေသသို့ပင် မလွဲ မသွေ ရောက်ကြရပါသည်။ မိမိ၏ မူရင်း ပြဿနာကြောင့် တစ်မျိုး၊ ဆက်ဆံရသည့် ပတ်ဝန်းကျင်ကြောင့်တစ်ဖုံ အမှုသည် များသည် သောကကို နှစ်ဆင့်ပွား၍ ခံစားကြရပါသည်။ အဆို ပါ သောကများကို နည်းလမ်းတကျ ပြေပျောက်စေရန်မှာ နားလည်တတ်ကျွမ်းသော ရှေ့နေရှေ့ရပ်များသာ ဆောင်ရွက် နိုင်ခွင့်၊ ဆောင်ရွက်နိုင်စွမ်း ရှိပါသည်။ ထို့ကြောင့်ပင် ဤ လုပ်ငန်းကို မွန်မြတ်သည့်လုပ်ငန်းအဖြစ် ဆိုကြခြင်း ဖြစ်ဟန် တူပါသည်။



mgyoe.com

mgyoe.com SAMPLE BOOK

ရှေ့နေရှေ့ရပ်တစ်ဦး ဖြစ်လာရန် အရည်အချင်းများ သတ်မှတ်ထားပြီး ဖြစ်ပါသည်။ လိုအပ်သည့် ဥပဒေပညာ အရည်အချင်းနှင့် ပြည့်စုံပါလျှင် သမ္မာရင့်ဝါရင့် ရှေ့နေကြီး တစ်ဦးထံတွင် အနီးကပ် တပည့်ခံ၍ ပညာဆည်းပူး အလုပ် သင်ရပါသည်။ မိမိနှင့် မိမိပတ်ဝန်းကျင်အပေါ် ထားရှိရမည့် ကျင့်ဝတ်၊ စောင့်စည်းရမည့် သိက္ခာ၊ လိုက်နာရမည့်စည်းကမ်း တို့အား လေ့လာသင်ယူရပါသည်။ သတ်မှတ်သည့် အလုပ်သင် ကာလ ပြီးဆုံး၍ နိုင်ငံ၏ အမြင့်ဆုံး တရားရုံးက ရှေ့နေအဖြစ် အသိအမှတ်ပြုသော လက်မှတ်ကို ထုတ်ပေးလိုက်သည့်အခါ ရှေ့နေအသက်မွေးမှုလုပ်ငန်း စတင်ပါသည်။

မည်သည့်ခေတ်အခါမဆို ရှေ့နေလုပ်ငန်း၏ သဘော သဘာဝနှင့် ရှေ့နေတစ်ဦးအဖြစ် ပေါက်ဖွားလာသည့် သဘော သဘာဝတို့သည် အတူတူပင် ဖြစ်ပါသည်။ ဤလုပ်ငန်းဖြင့် အသက်မွေးကြသူများတွင် အောင်မြင် ကျော်ကြားသူများ ရှိသကဲ့သို့ ခက်ခဲပင်ပန်းစွာ ဖြတ်သန်းနေရသူများလည်း အများ အပြား တွေ့နေရပါသည်။ ရှေ့နေတစ်ဦးအဖြစ် အောင်မြင် ခြင်း၊ မအောင်မြင်ခြင်းသည် အထက်တွင် ဖော်ပြခဲ့သည့် ပညာအရည်အချင်း၊ ကျင့်ဝတ်၊ သိက္ခာနှင့် စည်းကမ်းများ အပေါ်တွင် အဓိက မှီတည်နေပါသည်။

ဤစာအုပ်ကို ပြုစုရာတွင် ရှေးက ရှေ့နေကြီးများ၊ တရား သူကြီးများက ရှေ့နေပညာနှင့် စပ်လျဉ်း၍ မှတ်ချက်ပြု လမ်းညွှန်ထားသည်များအား လက်လှမ်းမီသမျှ စုစည်း ဘာသာ ပြန်ဆိုကာ မိမိ၏ အတွေ့အကြုံနှင့် စပ်ဟပ်ယှဉ်တွဲ၍ ရေးသား ထားပါသည်။ ရှေ့နေကြီးတစ်ဦးချင်းက ယင်းတို့၏ အယူအဆ၊ ကျင့်သုံးမှုစနစ်တို့ကို ရေးသားထားချက်များကို ဖော်ပြထားခြင်း



mgyoe.com

mgyoe.com SAMPLE BOOK

ဖြစ်ပါ၍ အချို့အချက်အလက် အနည်းငယ်တွင် ထပ်နေသည်များ ရှိပါသည်။ တူရာတူရာ စုစည်းမည်ဆိုပါက တစ်ဦးချင်းစီအလိုက် အယူအဆ ဖြစ်နေပါ၍ ဆွဲနုတ်ရန်မသင့် ဖြစ်နေပါသောကြောင့် တစ်ဦးချင်း၏ အယူအဆတိုင်းသာ ဖော်ပြလိုက်ပါသည်။

သို့ဖြစ်ရာ ဤစာအုပ်သည် ရှေ့နေအတတ်ပညာဖြစ်ကျမ်း မဟုတ်ပါ။ ရှေ့နေများ ကျင့်ဝတ်၊ သိက္ခာနှင့် စည်းကမ်းကို လေ့လာဆည်းပူး ကျင့်သုံးကြရာတွင် အထောက်အကူ ဖြစ်စေရန်သာ ရည်မှန်း၍ ရေးသားပြုစုထားပါကြောင်း စကားဦးဆိုအပ်ပါသည်။

ဦးမြင့်ဝင်း (ရွှေဘို)



mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

အခန်း (၁)

# ရွှေ့နေလုပ်ငန်း၏ သဘာဝ



mgyoe.com

mgyoe.com

# ရှေ့နေပညာနိဒါန်း



ရှေ့နေတစ်ဦးအတွက် မရှိမဖြစ် လိုအပ်ချက်တစ်ရပ်မှာ မိမိအသက်မွေးမှုဆိုင်ရာ ကျင့်ဝတ်သိက္ခာများကို အလေးအနက် ခံယူလိုက်နာ စောင့်ထိန်းခြင်းပင် ဖြစ်ပါသည်။ အားကိုးထိုက်သည့် ပြန်လှန် စစ်မေးတတ်သူတစ်ဦး ဖြစ်စေရန်မှာ တရားခွင်၌ ရှေ့နေအတတ်ပညာကို ကျွမ်းကျင်ရုံမျှသာမက လူနှင့် လူ့ပိုင်းဆိုင်မှုများအပေါ် ကျယ်ကျယ်ပြန့်ပြန့် သဘောထားကြီးကြီး ထားနိုင်သည့် အတွေ့အကြုံ ဗဟုသုတလည်း လိုအပ်ပါသည်။



mgyoe.com

mgyoe.com SAMPLE BOOK

## အခန်း (၁)
# ရှေ့နေလုပ်ငန်း၏ သဘာဝ

ပြန်လှန် စစ်မေးခြင်းခံရမှာကို အကြောက်ကြီးသည့်အတွက် အမှုတွင် တန်ဖိုးရှိသော သက်သေများ၊ ရိုးသေ လေးစားထိုက်သော ဂုဏ်သရေရှိ သက်သေများသည် တရားခွင်ကို ဝေးဝေးက ရှောင်ကြလေ့ ရှိသည်ကို ရှေ့နေကြီး အများစု သိရှိကြပါသည်။ ထိုသို့ မဖြစ်စေရန် အမှန်တရား ပေါ်ပေါက်ရေးအတွက် အကျိုးပြုသော စစ်မေးခြင်းမျိုး ဖြစ်စေရပါမည်။ C. J. Cockburn က 'မိမိ ကိုင်စွဲသော လက်နက်သည် စစ်သူကြီး၏ တိုက်ပွဲဝင် လက်နက်သာဖြစ်ရပါမည်။ လူသတ်သမား၏ လက်နက် မဖြစ်ရ' ဟု မှတ်ချက်ပြုဖူးပါသည်။

ပြန်လှန်စစ်မေးခြင်းသည် မိမိ (အမှုသည်) ၏ အကျိုးစီးပွားနှင့် တရားမျှတမှုတို့အား ပေါင်းစပ် ညှိနှိုင်းပေးခြင်း ဖြစ်ရပါမည်။ ရှေ့နေတစ်ဦးသည် မိမိအား ယုံကြည် စိတ်ချစွာ ငှားရမ်းလာသူ အမှုသည်၏ အကျိုးကို ဒွိဟစိတ်မထားဘဲ ဆောင်ရွက်ရန် တာဝန်ရှိသည် မှန်သော်လည်း ထိုတာဝန်ထက် အမှန်တရားအပေါ် စောင့်



mgyoe.com

mgyoe.com

SAMPLE BOOK



သိရသည့် တာဝန်က ပို၍ လေးနက်ပါသည်။ ရှေ့နေသည် တရားရုံးအား ကူညီသူ အရာရှိအဖြစ် တရားရုံးနှင့် အတူ ပူးပေါင်း၍ ဖြစ်ပျက်အမှန်ကို ရှာဖွေသူ ဖြစ်ပါသည်။ အဖြစ်အပျက်အမှန်ကို ရရှိရန် အထောက်အထားများ စုဆောင်း ရှာဖွေသူ၊ သက်သေ စစ်ချက်များအား ဆန်နှင့် ဆန်ကွဲ ရွေးချယ်သကဲ့သို့ ဆန်ခါချ၍ ရွေးချယ်တတ်သူ ဖြစ်ရပါမည်။

ထို့အပြင် ရှေ့နေတစ်ဦးအတွက် မရှိမဖြစ် လိုအပ်ချက်တစ်ရပ်မှာ မိမိအသက်မွေးမှုဆိုင်ရာ ကျင့်ဝတ်သိက္ခာများကို အလေးအနက် ခံယူလိုက်နာ စောင့်ထိန်းခြင်းပင် ဖြစ်ပါသည်။ အားကိုးထိုက်သည့် ပြန်လှန် စစ်မေးတတ်သူတစ်ဦး ဖြစ်စေရန်မှာ တရားခွင်၌ ရှေ့နေ အတတ်ပညာကို ကျွမ်းကျင်ရုံမျှသာမက လူနှင့် လူ့ပိုင်ဆိုင်မှုများ အပေါ် ကျယ်ကျယ်ပြန့်ပြန့် သဘောထားကြီးကြီး ထားနိုင်သည့် အတွေ့အကြုံ ဗဟုသုတလည်း လိုအပ်ပါသည်။ အများပြည်သူက ရိုသေလေးစားထိုက်သော ဂုဏ်သိက္ခာရှိသည့် နေရာတစ်နေရာကို အခိုင်အမာ တည်ဆောက်နိုင်ရန် လိုအပ်သည့် အချက်အလက်များကို ဆက်လက်ဖော်ပြပါမည်။

## (၁) ကျင့်ဝတ်သိက္ခာ

ကျင့်ဝတ်သိက္ခာကို စောင့်ထိန်း၍ အလုပ် လုပ်ရသည်မှာ ရှေ့နေ လုပ်ငန်း၏ သဘာဝ ဖြစ်ပါသည်။ ဤအသက်မွေးမှုတွင် ကုရာနတ္ထိ ဆေးမရှိ ဖြစ်နေသည့် အမြစ်တွယ်နေသော ရောဂါမှာ မိမိကို ယုံစား၍ ပုံအပ်လာသော အလုပ်အား အချိန်ယူ၍ အားထုတ်ကာ ကြိုတင်ပြင်ဆင်မှုမပြုဘဲ မျက်ကန်း စွန့်စားခြင်းမျိုးဖြင့် ဆောင်ရွက်



mgyoe.com

mgyoe.com


ခြင်းပင်ဖြစ်သည်ဟု French Bar မှ ပညာရှိ ရှေ့နေကြီးတစ်ဦးက မှတ်ချက်ပြုဖူးပါသည်။ အနိုင်ရသည့်ကံ ကောင်းရသည်မှာ အလုပ် လုပ်နိုင်စွမ်းသည့် ပါရမီကြောင့် ဖြစ်ပါသည်။ အနာခံ ကြိုးပမ်း အားထုတ်မှုမရှိဘဲ သက်သက်သာသာ ခံစားရသည် မရှိပါ။

မိမိအလုပ် ပြီးမြောက် အောင်မြင်စေရန် လျှောက်လှမ်းကြရာ တွင် ပန်းခင်းသောလမ်းဟူ၍ မရှိ။ တစ်ဦးတစ်ယောက်က တာဝန် အပ်နှင်း (အမှုအပ်လာခြင်း)သက်သက်ကြောင့်သာမဟုတ်၊ လူသား တစ်ဦး ပီသစွာ ရပ်တည်ရေး အသက်မွေးကြရာတွင် အလုပ်တစ်ခု ခုကို လုပ်ကိုင်နေကြရသူချည်းဖြစ်ရာ ရှေ့နေအလုပ်မှာလည်း အလားတူ သဘာဝအတိုင်းသာ ဖြစ်ပါသည်။ မိမိ တွေ့ကြုံခဲ့ရသည့် အတွေ့အကြုံများက မိမိလုပ်ငန်းအား ချောမွေ့ အဆင်ပြေစေ တတ်ပါသည်။ ငယ်ရွယ်သူ ရှေ့နေရှေ့ရပ်များအတွက် အနာဂတ် ထူးချွန်ထက်မြက်စေမည့် မျိုးစေ့ကို ဖွံ့ဖြိုးစေရန် တစ်ခုတည်းသော နည်းလမ်းမှာ မိမိအလုပ်ကို စေ့စေ့စပ်စပ်နှင့် စိတ်အားထက်သန် စွာဖြင့် ကြိုးပမ်းလေ့လာ အားထုတ်မှုပင် ဖြစ်ပါသည်။

ရှေ့နေ လုပ်ငန်းဖြင့် အသက်မွေးခြင်းသည် ပန်းမွေ့ရာတွင် အိပ်စက်ရခြင်း မဟုတ်ပါ။ အကယ်၍ သင့်တွင် အိပ်စက်နားနေ စရာ အိပ်ရာတစ်ခု ရပြီ ဆိုပါစို့။ ထိုအိပ်ရာပေါ်တွင် နှင်းဆီပန်းပွင့် များ မရှိသေးသည်ကို သိရှိထားသင့်ပါသည်။

ပြစ်မှုဆိုင်ရာ ဥပဒေ ပုဒ်မ ၃၀၂ ဖြင့် စွဲဆိုသည့် အမှုတစ်မှု တွင် တရားလို အကျိုးဆောင်အဖြစ် လိုက်ပါဆောင်ရွက်ခဲ့ရစဉ်က အတွေ့အကြုံတစ်ရပ်ကို ဖော်ပြချင်ပါသည်။


mgyoe.com

mgyoe.com
SAMPLE BOOK


ထိုအမှုမှာ ညဥ့်အချိန် ရုပ်ရှင်ကြည့်ရာမှ အပြန်လမ်း ကျေးရွာချောင်းတံတားကလေးပေါ်တွင် တုတ်ဖြင့် အရိုက်ခံရ၍ သေဆုံးခဲ့သည့် ကိစ္စဖြစ်ပါသည်။ ဒဏ်ရာရသူမှာ တံတားပေါ်တွင် လဲနေသည်ကို တွေ့ရသည့် သက်သေနှစ်ဦးက အိမ်ကို တွဲခေါ်လာရပါသည်။ အိမ်ရောက်သည့်အခါ ဇနီးဖြစ်သူက မေးမှ ၎င်းအားရိုက်နှက်သွားသူမှာ တစ်ရွာတည်းနေ မောင်စိုးလှ ဖြစ်ကြောင်း သိရ၍ ရဲစခန်းတိုင်ချက်တွင် ယင်းသို့ စွပ်စွဲဖော်ပြ တိုင်ကြားပါသည်။

အမှုမှာ သေသူ မသေခင် ပြောသွားခဲ့သည့် သေခါနီးပြောကြားချက်အပေါ်တွင် အခြေခံ တည်ဆောက်ထားပါသည်။ သက်သေခံပစ္စည်းအဖြစ် ချောင်းတံတား လက်ရမ်းတိုင် ၃×၂ လက်မ သစ်သားတုတ်ကို အချင်းဖြစ်ရာ နေရာမှ သိမ်းဆည်းပါသည်။ သေသူ ရရှိသည့် ဒဏ်ရာမှာ ဦးခေါင်း၊ လက်ပြင်၊ ခါးတို့တွင် တုံးသောလက်နက်ဖြင့် ရန်ပြုထားကြောင်း၊ ဦးခေါင်းနှင့် ခါးတွင် ပြင်းထန်ဒဏ်ရာများ ရရှိကြောင်း ဖော်ပြထားပါသည်။ အခြား မျက်မြင်သက်သေ မရှိပါ။

တရားလို ထွက်ချက်နှင့် အခြား အမှုဖြစ်စဉ်ကို သိရှိသူ၊ ရဲလုပ်ငန်း၌ ပါဝင်ဆောင်ရွက်ခဲ့ရသူ သက်သေများကို စစ်မေးစဉ် တစ်လျှောက်လုံး တရားခံအကျိုးဆောင်သည် သူ့တရားခံမှာ ပြစ်မှုကျူးလွန်သူ မဟုတ်ကြောင်း၊ အမှုဖြစ်ချိန်က အခြား တစ်နေရာမှာ ရောက်ရှိနေကြောင်း alibi ထုချေချက်ကို ကာမိရုံမျှသာ ခပ်ပါးပါး မေးမြန်းလာပါသည်။

တရားလိုပြသက်သေအဖြစ် မှုခင်းဆရာဝန်အား စစ်ဆေးသည့်အချိန်တွင်မှ -


mgyoe.com

mgyoe.com


မေး - ဆရာ ဒီအမှုမှာ သေသူရဲ့ အလောင်းကို ကိုယ်တိုင် ခွဲစိတ် စစ်ဆေးခဲ့သူပါနော်။

ဖြေ - မှန်ပါတယ်။

မေး - အလောင်းရောက်ရှိပြီး ဘယ်လောက်ကြာမှ ခွဲစိတ်ရပါသလဲ။

ဖြေ - အမှုဖြစ်ညရဲ့ နောက်နေ့ မနက် ၈ နာရီလောက်မှာ အလောင်း ဆေးရုံကို ရောက်ပါတယ်၊ ၉ နာရီခွဲမှာ ရင်ခွဲ စစ်ဆေးပါတယ်၊ မှတ်တမ်းမှာလည်း ရေးထားပါတယ် တွေ့မှာပါ။

မေး - ဟုတ်ကဲ့၊ ဒီမှာ တွေ့ပါပြီ၊ ဒါပေမဲ့ ဆရာ့ဆီမှာလည်း လက်ခံမှတ်တမ်းစာအုပ် ရှိတယ်မဟုတ်လား၊ အဲဒီမှာလည်း ဒီအတိုင်းပဲလား သိချင်လို့ပါ။

ဖြေ - ဒီအတိုင်းပဲလေ၊ အခု လက်ခံစာအုပ်ကို ကြည့်ပြီး ထွက်နေတာပဲ။

မေး - ကောင်းပါပြီ၊ ကောင်းပါပြီ၊ ဆရာ့မူရင်းလက်ခံစာအုပ်ကို ကြည့်ခွင့်ရမလား။

တရားရုံးက ခွင့်ပြုလိုက်သည်။

မေး - ဒီစာအုပ်မှာကတော့ ဒဏ်ရာရတဲ့ နေရာတွေကိုပြတဲ့ ရုပ်ပြပုံတွေနဲ့ပါ တွေ့ခဲ့ရပါတယ်၊ ပိုပြီး အသေးစိတ်ကျတယ်နော်။

ဖြေ - မှန်ပါတယ်၊ ဒါမှသာ သက်သေအစစ်ခံတဲ့အခါမှာ ပိုပြီး ပြည့်ပြည့်စုံစုံ ထွက်နိုင်တာပါ။


mgyoe.com

mgyoe.com



ရွှေနေက ဆေးရုံလက်ခံမှတ်တမ်းစာအုပ်ကို သေချာစွာကြည့်သည်။ ပြီးနောက် ဆက်လက်မေးမြန်းသည်။

မေး - ဆရာခင်ဗျား၊ ဒီဆေးမှတ်တမ်း လက်ခံမှာရော အခု တရားရုံးရှေ့ရှိ ဆေးစာမှာပါရော ရေးထားချက်အရ သေသူဟာ ဦးခေါင်းထိပ်ဘက်နှင့် ခါးတို့တွင် ပြင်းထန်ဒဏ်ရာ ရထားသည်လို့ ရေးထားတာ တွေ့ရပါတယ်၊ အခု တရားရုံးရှေ့မှာရှိနေတဲ့ ၃×၂ လက်မ သစ်သားတုတ်နဲ့ ပြုလုပ်ရင် ရနိုင်မယ့်ဒဏ်ရာတွေ ဟုတ်မဟုတ်၊ ဒီတုတ်နဲ့ဆိုရင် အင်အားမည်မျှ အသုံးပြု၍ ပြုလုပ်ရမယ် ဆိုတာ သိပါရစေ၊ တုတ်ရဲ့ မျက်နှာပြင်နဲ့ ထိတာလား၊ ဇောင်းဘက်နဲ့ ထိတာလားပါ သိချင်ပါတယ်။

ဖြေ - ဒီ ၃×၂ လက်မ သစ်သားတုတ်နဲ့ လွှဲပြီးရိုက်မယ်ဆိုရင် သာမန် ခွန်အားရှိသူ တစ်ဦးအနေနဲ့ အင်အားအတော်အတန် စိုက်ထုတ်သုံးစွဲပြီး ရိုက်ဖို့ လိုပါတယ်၊ တုတ်ရဲ့ ဇောင်းဘက်နဲ့ ထိထားတာပါ။

မေး - တုတ်ဇောင်းရှိတဲ့ဘက်နဲ့ ထိတာက ခါးမှာလား၊ ခေါင်းမှာလား။

ဖြေ - နှစ်နေရာစလုံးမှာပါ။

မေး - တစ်နေရာတည်းကအကြောင်းပဲ သိချင်ပါတယ်၊ ခါးကို တုတ်ရဲ့ဇောင်းနဲ့ အင်အားအတော်စိုက်ထုတ်ပြီး ရိုက်လိုက်တာမှာ အတွင်းဒဏ်ရာ ဘာတွေရသွားပါသလဲ။

ဖြေ - ခါးဆစ်ရိုး ကွဲအက်သွားပါတယ်၊ ခါးရိုးတန်း အာရုံကြောမကြီးလည်း ထိခိုက်သွားပါတယ်။



mgyoe.com

mgyoe.com


မေး - ကျွန်တော်တို့ နားလည်အောင် ပြန်ရှင်းမေးပါရစေ၊ အဲဒီလောက် ဒဏ်ရာရသွားရင် အခြား ဘယ်နေရာတွေမှာမှ ဒဏ်ရာမရှိချင် နေပါစေ လူနာဟာ အဲဒီနေရာမှာတင်ပဲ ပုံလျက်လဲကျသွားမှာပဲ မဟုတ်လား။

ဖြေ - မှန်ပါတယ်။

မေး - ဆက်ပြီးမေးပါရစေ၊ ဒီခါးရိုးတန်း အာရုံကြောမကြီး (spinal chord) ကို ဒဏ်ရာရသွားတဲ့ အခုလူနာဟာ စကားမေး ရပါဦးမလား။

ဖြေ - လုံးဝကို စကားမေး မရနိုင်၊ စကားမပြောနိုင်တော့ပါ။

မေး - ဆရာ ဒီအဖြေ သေချာပါတယ်နော်၊ နောင် သတိပြန်လည်လာပြီး စကားပြောလာနိုင်တဲ့ အခြေအနေရှိသလား သိချင်လို့ပါ။

ဖြေ - ဒီ case ရဲ့ အနေအထားအရ ပြန်ပြီး သတိလည်လာနိုင်စရာလည်း မရှိနိုင်တော့ပါ။

မေး - ကျေးဇူးတင်ပါတယ်။

## (၂) ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှု

နိုင်ချင်စိတ်နှင့် နိုင်လိမ့်မည်ဟု ယုံကြည်စိတ်ချမှုတို့သည် နောက်မှဖြစ်ရမည့် ဖြစ်စဉ်ဖြစ်ပါသည်။ ရှေးဦးစွာ တည်ဆောက်ရသည်မှာ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှု ဖြစ်ပါသည်။ ဤသို့ တည်ဆောက်နိုင်မှသာ အစလည်း ကောင်း၊ အနှောင်းလည်း သေချာစေသည့် ရှေ့နေ ပညာရှင် ဖြစ်ပါသည်။ မိမိလုပ်ငန်းသည် ပြဋ္ဌာန်းပြီးသည့်


mgyoe.com

mgyoe.com


ဥပဒေများနှင့်အညီ တရားခွင်တွင် အမှုလိုက်ပါ ဆောင်ရွက်ရမည် ဆိုသည်မှာ မူလအခြေခံအချက် ဖြစ်ပါသည်။ ဥပဒေသ အသစ်များ ဖော်ထုတ်ရန် မဟုတ်ပါ။

ထိုအဆင့်မှလွန်၍ ရှေ့နေ တစ်ဦးသည် နိုင်ငံရေးသဘော (ဥပဒေပြုရေးသဘော) သက်ဝင်သည့် လှုပ်ရှားမှုသို့ မိမိမူလ အသက်မွေးမှု လမ်းကြောင်းမှ သွေဖည်ရှေ့ရှုနေခြင်း၊ ပိုမိုစီးပွား ဖြစ်ထွန်းသည့်ဘက်သို့ ဖယ်ထွက် ယိမ်းယိုင်နေခြင်းများ ရှိလာတတ် ပါသည်။ မိမိ ရွေးချယ်ထားသော ရှေ့နေလုပ်ငန်းအား ကိုယ့်ကိုယ် ကိုယ် ယုံကြည် စိတ်ချစွာဖြင့် အောင်မြင်အောင် ဆောင်ရွက်ရန် ဖြစ်ပါသည်။ လူတစ်ဦးသည် နေရာနှစ်ခုစလုံးတွင် အကောင်းဆုံး (Best of both) မဖြစ်နိုင်ပါ။ဤအယူအဆသည် မိမိကိုယ်ကိုယ် တည်ဆောက်ရာတွင် ခံယူထိုက်သည့် အယူအဆ ဖြစ်ပါသည်။

## (၃) ရှေ့နေပညာ အကောင်းနှင့်အဆိုး

ရှေ့နေအတတ်ပညာကို ကျင့်သုံးရာတွင် အတတ်ကောင်း၊ အတတ် ဆိုး ဟူ၍ ခွဲခြား ကျင့်သုံးသည့် သဘောတရား မရှိပါ။ ရှေးအစဉ် အဆက်မှစ၍ ယနေ့အထိ အခြား အတတ်ပညာများ နည်းတူပင် ရှေ့နေပညာသည် လေ့ကျင့်သင်ကြားမှုဖြင့်သာ တတ်မြောက်ရပါ သည်။ ဖြတ်လမ်းဟူ၍ မရှိပါ။ ပုံတူကူးချ၍ ဆောင်ရွက်ရသည်မျိုး မရှိသကဲ့သို့ အလုံးစုံ ပြီးစီးစေသည့် ကုစားမှုနည်းလမ်း ဟူ၍လည်း မရှိပါ။

ရှေ့နေတစ်ဦးနှင့်တစ်ဦး အမှုလိုက်ပါသည့် နည်းနာပုံစံ မတူ ကြပါ။ ဥပဒေ၊ ဆိုရိုးစကား၊ အဆိုအမိန့်များအပေါ် မိမိ ခံယူသည့်


mgyoe.com

mgyoe.com
SAMPLE BOOK


အတိုင်း ကျင့်သုံးကြသည်သာ ဖြစ်ပါသည်။ မည်သူက မှန်သည်၊ မည်သူက မှားသည်၊ မည်သည်က အကောင်း၊ မည်သည်က အဆိုး ဟု ဆင်ခြင်တိုင်းထွာရန်လည်း လွယ်ကူသည် မဟုတ်ပါ။ သို့ရာတွင် အောက်ပါအချက်များကို သတိပြုမိရန် ဖော်ပြအပ်ပါသည် -

(က) အမှုတစ်ရပ်လုံးအား မွှေနှောက် ဖတ်ရှုနိုင်ခြင်းသည် ရှေ့နေပညာ မဟုတ်ပါ။

(ခ) သက်သေတစ်ဦးအား မလှုပ်နိုင်အောင် မေးခွန်းထုတ်နိုင်ခြင်းသည်လည်း ရှေ့နေပညာ မဟုတ်ပါ။

(ဂ) ကိုယ့်အမှုအဖြစ်အပျက်အပေါ် ကိုယ် တည်ဆောက်ထားသည့်အတိုင်း ကျေကျေညက်ညက် ပိုင်နိုင်နေပြီ ဆိုခြင်းသည်လည်း မိမိ၏ တစ်ဖက်သက်သာ ရှိနေပါသေးသည်။ ဤမျှဖြင့် လုံလောက်ပြီ မဆိုနိုင်သေးပါ။

(ဃ) သင် စကားပြောကောင်းသူ ဖြစ်စေဦး၊ တရားခွင်တွင် ပြောခွင့်မကြုံရသည်များ ရှိနိုင်ပါသည်။

(င) ဘာသာစကား အခက်အခဲ ရှိနိုင်ပါသည်။ သို့ရာတွင် စကားလုံး ရွေးချယ်ပြောဆိုတတ်ခြင်းမှာလည်း လေ့လာအပ်သည့် ဘာသာရပ်တစ်ခု ဖြစ်ပါသည်။

(စ) တရားရုံးသည် စကားပြောကောင်းသူများ ကျက်စားရာနေရာ မဟုတ်ပါ။

(ဆ) ဟန်တစ်လုံး ပန်တစ်လုံး လုပ်ပြနေခြင်းသည် သူ့အားနည်းချက်ကို ပြနေခြင်း ဖြစ်ပါသည်။ ဤအပြုအမူသည် ရှေ့နေလောကတွင် တွေ့ကြုံရမြဲ ဖြစ်၍ သည်းခံရမြဲပင် ဖြစ်နေသည့်တိုင် မည်သည့်အခါမျှ အားမကျထိုက်ပါ။


mgyoe.com

mgyoe.com
SAMPLE BOOK


(ဇ) နှစ်ဖက်ချိန်ဆ၍ မျှမျှတတ စဉ်းစားကာ ဆောင်ရွက်ခြင်းသည် ကိုယ် လိုရာကို ပုံကြီးချဲ့၍ တင်ပြ ဆောင်ရွက်ခြင်းထက် ပို၍ အရှိန်အဟုန် ကောင်းပါသည်။

(ဈ) မိမိကိစ္စကို အလေးအနက် မထားတတ်ခြင်းသည် ပျက်စီးရာ ပျက်စီးကြောင်း ဖြစ်ပါသည်။

(ည) ညင်သာစွာ ဆက်ဆံခြင်း၊ စိတ်လိုက်မာန်ပါ မဖြစ်စေဘဲ ဉာဏ်ပညာ ဦးစီး၍ ဆောင်ရွက်ခြင်းများသည် တရားခွင်တွင် အဖုအထစ်များကို ပြေလျော့စေပါသည်။

## (၄) ရှေ့နေနှင့် အမှုသည်

လူသားတစ်ဦးသည် လူပီပီ ရှိနေမည်သာ ဖြစ်ပါသည်။ သို့ဖြစ်ရာ လူသားများသည် လောဘ၊ ဒေါသ၊ မာနတရားတို့၏ စေ့ဆော်ချက်ကြောင့် လှုပ်ရှားနေကြရသူများ ဖြစ်ပါသည်။ ထိုအသိကို ဖယ်ရှားစဉ်းစားလိုက်လျှင် လူ့ဘဝ ဆိုသည်မှာ မပြောင်းလဲ မရွေ့လျားသည့် ကျောက်ပြင်ကြီးပမာ ငြိမ်သက်နေပါလိမ့်မည်။ လူသည် မိမိရပ်တည်မှုအတွက် လိုအပ်ချက်အဖြစ် ရည်ရွယ်ချက်ရှိရှိနှင့် မဖြစ်မနေပင် အရာခပ်သိမ်းအား စုစည်းဆုပ်ကိုင်ထားလိုပြီး အခြားသူများကိုမူ မူယာမာယာလုပ်သည်ဟုသာ ထင်ထားကြသည်။ ဤအထင်အမြင်ကို အမှန်တရားဟု ခံယူထားသည့်အချက်ကပင်လျှင် တစ်ဖက်နှင့် တစ်ဖက် အပြန်အလှန် တင်ဆက်ကြသည့် အဖြစ်အပျက်များ ဖြစ်ပေါ်စေကာ နှစ်ဖက်ညှိနှိုင်း အဖြေရှာရသည့် ဖြစ်စဉ်သို့ ရောက်စေပါသည်။ ရှေ့နေသည် ထိုဖြစ်စဉ်တွင် လက်နက်ကိရိယာ တစ်ခုမျှသာ ဖြစ်ပါသည်။


mgyoe.com

mgyoe.com
SAMPLE BOOK


ရှေ့နေတစ်ဦး အမှုလိုက်ပါဆောင်ရွက်ရာတွင် ပေါ်ပေါက်လာသည့် အခြေအနေများနှင့် စပ်လျဉ်း၍ သူ့အမှုသည်က ပြောရေးဆိုခွင့်ရှိသည်ထက် ပိုပြီးအခွင့်အရေးရရန် အလွန်ကျပ်တည်းပါသည်။

အမှုသည်၏ အကျိုးကို ဆောင်ရွက်ရန်မှာ အမြင့်ဆုံးတာဝန်ဖြစ်သည် ဆိုသည့်တိုင် လူသားပီပီသသ ဆောင်ရွက်ရန်ဖြစ်သည်ကို မမေ့သင့်။ အမှုသည်အပေါ် သစ္စာရှိရန်မှာ အရေးကြီးပါသည်။ သို့ရာတွင် ယင်းသို့ ထားရှိရသည့် သစ္စာတရားက အခြားအရာခပ်သိမ်းကို လွှမ်းမိုးရန် မဟုတ်ပါ။ ရှေ့နေသည် အမှုသည်၏ ကိုယ်စားလှယ်သာ ဖြစ်ပါသည်။ အမှုသည်အား ကိုယ်စားပြုသူကိုယ်ပွားမဟုတ်ပါ။

အေဗရာဟင် လင်ကွန်းက "မည်သူ့အပေါ်မျှ ယုတ်မာသောစိတ် မထားခြင်း၊ အားလုံးအကျိုးအတွက် စွန့်လွှတ်ခြင်း၊ မှန်ကန်သည့်ဘက် ခိုင်ခိုင်မာမာ ရပ်တည်ခြင်းတို့သည် မိမိ လျှောက်ရမည့် လမ်းအမှန်ကို မြင်စေနိုင်ကြောင်း" ပြောကြားဖူးပါသည်။ Missouri Legal Code ၏ အလုပ်ဝင် ဆုံးမစာတွင် 'ရိုးသား ဖြောင့်မှန်သောဂုဏ် မြဲပါစေ'၊ 'လူ့ဂုဏ်သိက္ခာကို ထိမ်းသိမ်းပါ' ဟူ၍ ပါရှိပါသည်။ သိက္ခာ မရှိသော နည်းဖြင့်သာ အောင်နိုင်စေမည့် လမ်းကြောင်း ဖြစ်နေပါလျှင် ထိုလမ်းကို စွန့်လိုက်ပါ။

## (၅) မြင့်မြတ်သော အပြုအမူ

ကိုယ့်အသက်မွေးဘဝကို ကိုယ့်ဘာသာ ခုခံ ရပ်တည်နေရသော မျက်မှောက် အခြေအနေတွင် ရှေ့နေလုပ်ငန်းကဲ့သို့ ပညာဖြင့် အသက်မွေးရသော လုပ်ငန်းများ၌ ထားရှိ ကျင့်သုံးအပ်သည့် စံပြ


mgyoe.com

mgyoe.com
SAMPLE BOOK


အပြုအမူများသည် ဆိုရိုးစကားအဖြစ်သာ တည်ရှိတော့ပြီး ခေတ်နှင့် အံမဝင်တော့သယောင် ဖြစ်ကောင်း ဖြစ်နိုင်ပါသည်။ တွေးခေါ်မြော်မြင်နေရုံမျှဖြင့် ထမင်းဖြစ်မလာနိုင်၊ အမှန်တကယ် ဖြစ်တည်မှုများအပေါ် ပုပ်သိုး ဆွေးမြည့်နေသော စံပြ အပြုအမူများဖြင့် ကျင့်သုံးလို့ မရ ဟူ၍အမှန်သဖွယ် ပြောဆိုနေကြသည်များလည်း တွေ့မြင်ကြားသိနေရပါသည်။

သို့ရာတွင် အောင်နိုင်ခြင်း ဆိုသည်မှာ လှေကားထစ်ပေါင်းများစွာအနက် တစ်ထစ်ကို ကျော်လွှားနိုင်ခြင်းသာ ဖြစ်ပါသည်။ အဆုံးရလဒ် မဟုတ်သည်ကို သတိထားကြရန် ဖြစ်ပါသည်။ ထိုအောင်မြင်မှုကြောင့် ရရှိလိုက်သော အဆင့်တစ်ဆင့်သည် တန်ဖိုးနည်း တံဆိပ်ခေါင်းတစ်ခု၏ အသုံးဝင်ရုံမျှသာ ဖြစ်ပါသည်။ လူသားပီပီ ဖြစ်တည်ရခြင်းသည်သာ တန်ဖိုးအမှန်ရှိသည့် ရွှေစင်ရွှေသားဖြစ်ပါသည်။ အနိုင်ရလိုက်ပြီဟု မိမိ ခံစားမိသည့် သဘောထားနှင့် ကိုက်ညီသူ မည်မျှရှိသနည်း။ ကိုယ့်ဘက်တော်သား အားလုံးကပင် ထိုအနိုင်ရလိုက်သည့် အနေအထား တစ်ရပ်ကို အကြောင်းပြု၍ တကယ့်အောင်မြင်သူတစ်ဦးအဖြစ် မိမိအား နှစ်နှစ်ခြိုက်ခြိုက် တညီတညွတ်တည်း နေရာပေးလာရန်မှာ လွယ်ကူလှသည် မဟုတ်ပါ။ ရည်မှန်းချက်ကို ယေဘုယျသာ ချမှတ်ခဲ့ပြီး အောင်မြင်ရာ အောင်မြင်ကြောင်း တိတိကျကျ မရှိခဲ့ခြင်း၏ အကျိုးဆက် ဖြစ်ပါသည်။

တစ်ဖက် ရွှေနေအား မိတ်ဖက် တစ်ဦးအဖြစ် တရားခွင်ယဉ်ကျေးမှု၊ တရားခွင် ကျင့်ဝတ်အရ ဆက်ဆံရပါမည်။ တရားခွင်ယဉ်ကျေးမှု၊ တရားခွင်ကျင့်ဝတ်ကို ဥပေက္ခာပြုခြင်းသည် မိမိ၏


mgyoe.com

mgyoe.com
SAMPLE BOOK


အသက်မွေးမှုအား အစဉ်အလာနှင့်အညီ ထိန်းသိမ်းစောင့်ရှောက်ရမည့် စည်းကို မထိန်းနိုင်ခြင်း ဖြစ်ပါသည်။ နောက်နောင်တွင် လုပ်ကိုင်၍ မရလောက်အောင် ဒုက္ခဖြစ်စေပါသည်။ တစ်နည်းလွယ်လွယ် ပြောရလျှင် စည်းမဖောက်ပါနှင့်၊ ခေတ်စကားအရမူ ဘရိတ် မပေါက်ပါစေနှင့်။

ရှေ့နေ၏ ရန်လိုသောစိတ်မွေးမှု၊ တရားသူကြီး၏ သည်းခံနိုင်စွမ်း မရှိမှုတို့သည် တရားခွင်တွင် ပြဿနာ ငြင်းခုံစဉ် ကြုံရသော အဆီအငေါ် မတည့်မှုထက် ပို၍ဆိုးပါသည်။ ထို့အပြင် ဤအခြေအနေသည် တရားရုံးက မှန်မှန်ကန်ကန် မဆုံးဖြတ်တတ်ဘူး ဟူ၍ သတင်းကျော်စောမှုကိုလည်း ဖြစ်စေပါသည်။ သို့ဖြစ်၍ ဒေါသဖြင့် ခါးခါးသီးသီး တုံ့ပြန်ခြင်းမပြုရန် လိုပါသည်။ ယင်းအပြုအမူသည် မိမိအကျိုး ပျက်စီးရာ ပျက်စီးကြောင်းဖြစ်ပါသည်။ သို့ဖြစ်စေကာမူ ပြဿနာတစ်ရပ်သည် မူဝါဒဆိုင်ရာ ဥပဒေသဘောတရား အကျုံးဝင်နေသည် ဖြစ်ပါလျှင်မူ မိမိ၏ ဂုဏ်သိက္ခာကို ထိန်းသိမ်းရသူ တစ်ဦးပီပီ ရေမြေဆုံးစေတော့ ရင်ဆိုင် တိုက်ခိုက်ရမည်သာ ဖြစ်ပါသည်။

ရှေးစကားတစ်ခွန်းတော့ ရှိပါသည်။ တိုက်ပွဲမှ ထွက်ပြေးခြင်းသည် နောက်တစ်နေ့တွင် ဆက်တိုက်ရန် အသက်ရှင်နေခြင်းဖြစ်သည်ဟု ဆိုပါသည်။ သူရဲဘောကြောင်ရန် တွန်းအားပေးခြင်း မဟုတ်ပါ။ မိမိ၏ ဆင်ခြင်ဉာဏ် ပြည့်ဝစွာ သည်းခံတိတ်ဆိတ်နေမှုသည် ထက်မြက်သော တုံ့ပြန်ဆောင်ရွက်မှုကို ဖြစ်ထွန်းစေရပါမည်။ ဆတ်ဆတ်ထိမခံ တုံ့ပြန်တတ်ခြင်း၊ အချိန်နေရာမရွေး အတိုက်အခံပြုနေခြင်းတို့သည် ရှေ့နေတစ်ဦး၏ တက်လမ်း မဟုတ်ပါ။ အခြား


mgyoe.com

mgyoe.com
SAMPLE BOOK


တစ်ဖက်တွင်လည်း တရားခွင်တွင် ရှေ့နေတစ်ဦးသည် တစ်ဖက်နှင့် တိုက်ခိုက် ငြင်းခုံခြင်း မလုပ်လိုတော့ပါလျှင် သူ့အသက်မွေးအလုပ်ကို ရပ်ဆိုင်းလိုက်ရုံသာ ရှိပါတော့သည်။

## (၆) ရှေ့နေ၏ လက်နက်

ရှေ့နေတို့၏ လက်နက်မှာ ဥပဒေဘာသာရပ်နှင့် ဆက်နွယ်သော စာအုပ်စာတမ်းများ သိုလှောင်ထားရှိရာ စာကြည့်တိုက်များပင် ဖြစ်ပါသည်။ ရှေးက ဆိုစကားတစ်ခု ရှိပါသည်။ 'ပညာလွန်လျှင် ဆွံ့' ဟု ဖြစ်ပါသည်။ "Too much reading is a weariness to the flesh." စာဖတ်လွန်နေပါက စာကို အသုံးချရမည့် အင်အားကုန်ဆုံးစေတတ်သည့်သဘော ဖြစ်ပါသည်။ သို့ရာတွင် 'စာတွေ့၊ လက်တွေ့ အတွေ့အကြုံ နည်းခြင်းသည် တကယ့်အန္တရာယ်ဖြစ်သည်' "Little knowledge is a dangerous thing." ဟူသော စကားလည်း ရှိပါသည်။

စာကြည့်တိုက်တစ်ခုအဖြစ်သို့ ရောက်အောင် စာအုပ်စုဆောင်းရသည်မှာ မလွယ်ကူပါ။ အတော်ပင် ကြိုးပမ်းအားထုတ်ရပါသည်။ သို့ရာတွင် စာကြည့်တိုက်ကြီး ရှိနေပါလျက် ၎င်းကို အသုံးမချသူများ ရှိပါသည်။ ထိုသူမျိုးကား မိမိ အိပ်ပျော်နေချိန်မှာပင် မီးဖွင့်ထားစေချင်သော ကလေးငယ်များသဖွယ်ဖြစ်သည်ဟု ဆိုရပါမည်။

ရှေ့နေတစ်ဦးအဖို့ ဥပဒေပညာ အတွေ့အကြုံ ဗဟုသုတ ပြည့်စုံရမည်မှာ မဖြစ်မနေ လိုအပ်ချက် ဖြစ်ပါသည်။ ပြဋ္ဌာန်းဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းဥပဒေများ စသည်တို့နည်းတူ တည်ဆဲ အမိန့်ကြေညာချက်များကို သိရှိထားရန်လည်း အရေး


mgyoe.com

mgyoe.com
SAMPLE BOOK


ကြီးပါသည်။ စီရင်ထုံးများသည်လည်း ရှေ့နေရှေ့ရပ်များအတွက် အားကိုးအားထားပြုရာ ကယ်တင်ရှင်များ ဖြစ်ပါသည်။ ထို့အတူ ထိုစီရင်ထုံးသည် ရှေ့နေအတွက် ဒုက္ခအပေါင်းကို သယ်ဆောင်လာသူလည်း ဖြစ်ပါသည်။ စီရင်ထုံးတစ်ရပ်ဖြင့် အငြင်းပွား ပြဿနာတစ်ရပ်အား ပညာဉာဏ် ကြွယ်ဝစွာ အဆုံးသတ်စေသည့် ဖြစ်စဉ်များ အတောမသတ် တွေ့နေရမည်လည်း ဖြစ်ပါသည်။

ရှေ့နေတစ်ဦးအနေဖြင့် နွေဦးကာလ သစ်ရွက်ကြွေတောရှိ ရွက်ခြောက်များပမာ ထူထပ်လှသော ဤအတောမသတ် ဖြစ်ပေါ်လျက်ရှိသည့် စီရင်ထုံးများဖြင့် လုံးထွေးသတ်ပုတ်ကာ အသက်မွေးကြရသည်သာ ဖြစ်ပါသည်။ မည်သည့်အနေအထားမျိုး ရောက်နေသည်ဖြစ်စေ ရှေ့နေရှေ့ရပ်တစ်ဦး၏ လုံ့လ ကြိုးပမ်းအားထုတ်မှုသည် မိမိအမှုကို အဆုံးအဖြတ် ပေးမည့်သူအား တွန်းအားပေးပါသည်။ အစဉ်အဆက် လိုက်နာ ကျင့်သုံးရသည့် စီရင်ထုံးများ၊ သာဓက ဆုံးဖြတ်ချက်များသည် တရားဥပဒေ စိုးမိုးရေးကို ထူထောင်ရာတွင် များစွာ အထောက်အကူ ဖြစ်စေခြင်းမှာ မလွဲနိုင်ပါ။

တရားခွင်များတွင် လက်ရှိ ဖြစ်နေသော အမှုအားလုံး၏ ၅ ရာခိုင်နှုန်းခန့်မှာ စီရင်ထုံးများတွင် ဆုံးဖြတ်ပြီး အချက်များ ဖြစ်ပါသည်။

စီရင်ထုံး လေ့လာရာတွင် အမှုအကြောင်းခြင်းရာ အချက်အလက်များနှင့် အသေးစိတ် စိစစ်ရမည့် တစ်ခုချင်းအလိုက် အဖြစ်အပျက်တွင် ပါဝင်နေမှုကို အမျိုးအစားခွဲ ဆန်ခါချ စိစစ်ပါ။ မိမိအတွက် ကောင်းမည့်အချက်များကို ထိန်းသိမ်းမွေးမြူထားပါ။


mgyoe.com

mgyoe.com
SAMPLE BOOK


အသုံးဝင်မည့် အချက်အလက် တစ်ရပ်ချင်းအလိုက် မှတ်သား ထားရန် ဖြစ်ပါသည်။

တစ်ဖက်သို့ တုံ့ပြန် ဆောင်ရွက်ရာတွင် တွန်းအားပြင်းသည့် စပရိန်တစ်ခုအား ညင်သာစွာ ဖြေလွှတ်သကဲ့သို့ ညက်ညက်ညော ညော ရှိဖို့ လိုပါသည်။ အစီအစဉ်တကျ၊ စနစ်ကျစွာဖြင့် အပြု သဘော ချဉ်းကပ်ဆောင်ရွက်ခြင်းသည် မိမိ ရည်မှန်းချက်ပန်းတိုင် ကို တိုက်ရိုက်ထိမှန်စေမည့် နည်းလမ်းဖြစ်ရာ အကယ်၍ ရည်မှန်း ချက်အတိုင်း မအောင်မမြင်ဖြစ်ရသည် ဆိုစေဦးတော့ ဂုဏ်သိက္ခာ ရှိစေပါသည်။

အာဏာပိုင်နှင့် မိတ်ဆွေ ခင်ပွန်းသဖွယ် အပြုအမူများ၊ ပရိသတ်၏ ဩဘာပေးမှုကို ရယူသည့် အပြုအမူများကို ရှောင်ပါ။ မိမိ၏ ဘဝတူ လုပ်ဖော်ကိုင်ဖက်များနှင့် တရားခွင်ကို လေးစားစွာ ဆောင်ရွက်သည့် အလေ့အကျင့်ကိုသာ တည်ဆောက်ပါ။ အမှု အဖြစ်အပျက်ကို လေ့လာရာတွင် ယင်းအမှု ဖြစ်ပေါ်စေခဲ့သော အမျက်ဒေါသကို ပြေပျောက်စေနိုင်သည့် အဖြေသည် မူရင်း အဖြစ် အပျက်အတွင်း၌ ခပ်ရေးရေး တွေ့ရှိနိုင်ပါသည်။ ယင်းကို ရှာတတ် ပါစေ။

ရှေ့နေက မိမိအမှုအား လိုက်ပါဆောင်ရွက်ရာတွင် ရည်မှန်း ချက် တိတိကျကျ မချမှတ်နိုင်ခြင်းသည် အမှုနိုင်ရာနိုင်ကြောင်း လမ်းစ ပျောက်သွားစေသည့် အကြောင်းတစ်ရပ် ဖြစ်ပါသည်။ သူတင် ကိုယ်တင် အားပြိုင်ရသော အမှုကိစ္စတိုင်းတွင် ရှေ့နေ ရှေ့ရပ် တစ်ဦးသည် ကိုယ့်အမှု အခြေအနေကို ကျိုးကြောင်း ဆီလျော်စွာ ချင့်ချိန်သည့်အခါ ပြတ်ပြတ်သားသားမရှိဘဲ တွေဝေ


mgyoe.com

mgyoe.com
SAMPLE BOOK


ယိမ်းယိုင်တတ်ခြင်းသည် ဆိုးဝါးသည့် ချို့ယွင်းချက်တစ်ရပ် ဖြစ်ပါသည်။ အမှုသည်ဖြစ်သူက မိမိအား အခကြေးငွေဖြင့် တာဝန်ပေးလွှဲအပ်ထားသည်ကို မမေ့ပါနှင့်။

မုဒိမ်းမှု ပြစ်မှု ပုဒ်မ ၃၇၆ ဖြင့် စွဲဆိုအမှုတစ်မှုတွင် တရားခံအကျိုးဆောင်အဖြစ် လိုက်ပါဆောင်ရွက်ခဲ့ရဖူးပါသည်။ အမှုသည်၏ ညွှန်ကြားချက် ရှိပါသည်။ တရားလို မိန်းကလေးမှာ တရားခံ၏ရည်းစားဖြစ်ကြောင်း၊ မိန်းကလေး နွားကျောင်းသွားရာသို့ လိုက်လာရန် ချိန်းဆိုချက်အရ လိုက်သွားကာ တောထဲတွင် အလိုတူ အလိုပါနေထိုင်ခဲ့ကြခြင်းသာဖြစ်ကြောင်း၊ သမီးရည်းစားဖြစ်သည် ဆိုသော်လည်း မိမိမှာ အိမ်ထောင်ရှိခဲ့ဖူးသူဖြစ်၍ မိန်းကလေးမိဘဘက်က သဘောမတူဟု ဆိုသောကြောင့် လူသိမခံရဲကြောင်း၊ အပေးအယူ၊ ဓာတ်ပုံပေး ဓာတ်ပုံယူ၊ ကြားမှ အောင်သွယ် စသည်တို့ မရှိပါကြောင်း အကြမ်းဖျင်းအားဖြင့် ညွှန်ကြားချက် ရရှိထားပါသည်။

အမှုတွဲကို တရားခွင်တွင် လေ့လာသည့်အခါ ပါရှိးပါစဉ် စာရွက်စာတမ်းများအဖြစ် တိုင်ချက်၊ ရဲစွဲချက်၊ ရှာဖွေပုံစံ၊ မြေပုံကြမ်း၊ ဓာတုဗေဒစစ်ဆေး ပြန်ကြားစာ၊ ဆေးစာ စသည်တို့ကို တွေ့ရပါသည်။ ယင်းစာရွက်စာတမ်းများတွင် မိန်းကလေးနှင့် သမီးရည်းစား ဟုတ်မဟုတ် အချက်များ မတွေ့ရပါ။မိန်းကလေးမှာ အိမ်ထောင်မရှိသူ အပျိုဖြစ်၍ ဆေးစာ၊ ဓာတုဗေဒ စစ်ဆေးချက်တို့တွင် positive ဖြစ်နေသည်ကိုလည်း အရေးကြီးသောအချက်ဟု မယူဆပါ။

မြေပုံကြမ်းမှာလည်း ရဲက ဆွဲထားသည့် မြေပုံကြမ်းသာ ဖြစ်ပါသည်။


mgyoe.com

mgyoe.com
SAMPLE BOOK


အမှု စစ်ဆေးသည့် အချိန်တွင် တရားခံနှင့် တရားလို မိန်းကလေးတို့အား နီးစပ်စေမည့် အချက်များကို အမိအရဆုပ်ကိုင်ပြီး မေးပါသည်။ မိန်းကလေးသည် တရားခံနှင့် အိမ်နီးချင်းဖြစ်ကြောင်း၊ ရွာအလယ်တန်းကျောင်းတွင် နေစဉ်က မိန်းကလေးအား တရားခံက ပိုးပန်းဖူးကြောင်း၊ ယခု တရားခံနှင့် တရားခံ၏ဇနီး ကွဲကွာနေရခြင်းမှာ ဤမိန်းကလေးကြောင့် ဟုတ်မဟုတ် မပြောနိုင်ကြောင်း စသဖြင့် အချက်များ ရရှိပါသည်။

သက်သေအဖြစ် စစ်ဆေးခံသူ တရားလို မိန်းကလေးအား စစ်မေးစဉ်က တရားခံသည် မိမိ နွားကျောင်းရာသို့ လိုက်လာပြီး ချစ်ရေးဆိုကာ အဓမ္မပြုကျင့်ခြင်း ဖြစ်ကြောင်း၊ အမှုဖြစ်နေရာမှာ ရွာနှင့်လည်း အလှမ်းဝေးသည့်ပြင် သစ်တောအစပ် ဧရိယာဖြစ်၍ သစ်ခုတ်သမားများ ရံခါသာ သွားသည့်လာသည့်နေရာ ဖြစ်သဖြင့် လူသူမနီးကြောင်း၊ အော်ဟစ် အကူအညီတောင်းသော်လည်း မရ၊ ယခု အမှုဖြစ် မြေပုံကြမ်းတွင် ပြထားသည့် နေရာတွင်ပင် အဓမ္မပြုကျင့်ခံရကြောင်း၊ ထိုနေရာကို ရဲများက လိုက်လံပြသခိုင်းသဖြင့် ရွာလူကြီးများနှင့်အတူ လိုက်လံပြသခဲ့ရကြောင်း စသဖြင့် ထွက်ဆိုပါသည်။ ရွာလူကြီးများကလည်း အမှုဖြစ်ပွားပုံကို မသိ၊ ရဲများက ခေါ်၍ မိန်းကလေးနှင့်အတူ အမှုဖြစ်နေရာကို လိုက်လံကြည့်ရှုသိရှိရကြောင်း၊ ထိုစဉ်က ထိုနေရာတွင် မြက်နီအရိုင်းပင်များ ဖရိုဖရဲ လဲနေတာ တွေ့ရကြောင်း ထွက်ဆိုကြပါသည်။ မြေပုံကြမ်းတွင် ဒေါင်လိုက် လှည်းလမ်းကြောင်းတစ်ခု၊ လှည်းလမ်းကြောင်းနှင့် ပေ ၂၀ ခန့်အကွာ ဝဲယာ အထက် ထောင့်နှစ်ဖက်၌ သစ်တောအစပ် ဝါးရုံပင်များ၊ အောက်ဘက်ထောင့် ဝဲယာတွင် ယာခင်းလွတ်များ


mgyoe.com

mgyoe.com
SAMPLE BOOK


တွေ့ရပါသည်။ အမှုဖြစ်နေရာ လှည်းလမ်းအလယ်တွင် မြက်နီရိုင်းပင်များ လဲကျနေသည့် အနေအထား ပြထားပါသည်။

တရားခံအား ပြစ်မှုပုဒ်မ ၃၇၆ ဖြင့် စွဲချက်တင်ပြီးနောက် ပြန်ခေါ်သက်သေစာရင်းတင်သည့်အခါတွင် တရားလို၏ထွက်ချက်ဖြင့် တရားခံဘက်သို့ တတ်နိုင်သလောက် အထောက်အပံ့ ရစေရန် အလို့ငှာ တရားလို မိန်းကလေးအား ပြန်ခေါ်သက်သေစာရင်း တင်ပါသည်။

တရားလို မိန်းကလေးအား ပြန်ခေါ်သက်သေ စစ်ပြီးသည့်နေ့ ညနေတွင် တရားလို အကျိုးဆောင်မှာ မူလကပင် ရင်းနှီးပြီးသူဖြစ်သည့်အတိုင်းပင် မိမိအား ရှုံးအပြန် လမ်းလျှောက်ရင်း ပြောပါသည်။

"သူငယ်ချင်း၊ မင်း တရားခံဘက်က ဘယ်လောက်ကောင်းအောင် သက်သေပြနိုင်ပြနိုင် မင်းအမှု ရှုံးပြီ"ဟု ပြောပါသည်။

မိမိကမူ ချထားပြီးဖြစ်သည့် အခင်းအကျင်းအရ အရှုံးအနိုင်မှာ ၅၀း၅၀ သာဖြစ်သည်၊ ဤသို့ဆိုပါလျှင် doubt ဖြစ်ပြီး သံသယအကျိုး မိမိတရားခံ ခံစားရမည်၊ မုဒိမ်းမှုလိုမျိုးမှာ လွယ်လွယ်ကူကူပင် သဘောမတူဟု ငြင်းဆန်ထွက်ဆိုကြစမြဲ ဖြစ်သည်၊ စွပ်စွဲရတာလွယ်သလောက် ဖြေရှင်းရတာ ခက်သည် စသဖြင့် ပြန်ပြောခဲ့ပါသည်။

သူက ပြောတော့မှ ကျွန်တော့်အပြစ်ကို မြင်မိပါသည်။

"ဟ သူငယ်ချင်းရ၊ အခု စစ်ပြီးသလောက်အရ မင်းတရားခံက တရားလို ကောင်မလေးကို တောထဲအဝင် လှည်းလမ်းကြောင်း


mgyoe.com

mgyoe.com


မြက်နီဖုတ်တွေပေါ်မှာ ပြုကျင့်ကြောင်း ပေါ်ပေါက်နေတာလေ၊ မင်း ပြောသလို နှစ်ဦးသဘောတူ ချိန်းတွေ့ ဆက်ဆံကြတာ ဆိုရင် ဟိုတောအစပ်က ဝါးရုံပင်ရိပ်မှာ ချွေးသိပ်ဖြေကြမှာပေါ့ကွ၊ လှည်းလမ်းပေါ် ဆိုတာ ဖြစ်နိုင်ပါဦးမလား"


mgyoe.com

mgyoe.com SAMPLE BOOK

## အခန်း (၂)

# အယ်လ် သုံးလုံးနှင့် စီ ငါးလုံး



mgyoe.com

mgyoe.com SAMPLE BOOK



တစ်ဖက်ရှေ့နေအား အမှုအချက်အလက်များနှင့် စပ်လျဉ်း၍ မမှန်မကန်သည့် အရိပ်အယောင်ပြခြင်း၊ လုပ်မှားကိုင်မှား ဖြစ်စေရန် လမ်းလွှဲညွှန်ပြခြင်းများသည် မိမိကိုယ်ကျင့်တရား အရလည်းကောင်း၊ အသက်မွေးမှုဆိုင်ရာ ကျင့်ဝတ်အရ လည်းကောင်း မှားယွင်းသည့် အပြုအမူ ဖြစ်ပါသည်။ ယင်းသို့သော အပြုအမူများကို ရှောင်ကြဉ်ကာ ကိုယ့်အတွက် ကောင်းမည့် အခွင့်အလမ်းကိုသာ ရှာဖွေရန် ဖြစ်ပါသည်။



mgyoe.com

mgyoe.com SAMPLE BOOK

## အခန်း (၂)
# အယ်လ် သုံးလုံးနှင့် စီ ငါးလုံး

တရားသူကြီး R. K. Prasad က မဒရပ်မြို့ Rotary Club တွင် ၁၅-၉-၁၉၅၆ နေ့က ဖတ်ကြားသော စာတမ်း၌ ရှေ့နေများ လိုက်နာ စောင့်ထိန်းရမည့် 'L' သုံးလုံးနှင့် 'C' ငါးလုံးကို ဖော်ပြခဲ့ပါသည်။

'C' ငါးလုံး ဆိုသည်မှာ -

(၁) Country

(၂) Community

(၃) Client

(၄) Court

(၅) Colleagues ဖြစ်ပါသည်။

'L' သုံးလုံး ဆိုသည်မှာ -

(၁) Law

(၂) Legal profession

(၃) Lawyer ဖြစ်ပါသည်။



mgyoe.com

mgyoe.com


ရှေးဦးစွာ 'L' သုံးလုံးကို တင်ပြဆွေးနွေးပါမည်။

## Law (ဥပဒေ)

ဒီမိုကရေစီ၏ အနှစ်သာရမှာ မည်သည့်ပုဂ္ဂိုလ်၏ ဩဇာမှ နာခံရန် မဟုတ်၊ ဥပဒေ ပြဋ္ဌာန်းချက်အတိုင်း နာခံကျင့်သုံးခြင်းဖြစ်သည်ဟု ရှေးစကားရှိပါသည်။ (It is the essence of democracy to obey no master, but the law.) ဒီမိုကရေစီနိုင်ငံများတွင် တရားဥပဒေ စိုးမိုးမှုသည် မရှိမဖြစ် အခြေခံကျသော တန်ဖိုးဖြတ် ကိရိယာတစ်ခု ဖြစ်ပါသည်။ တရားဥပဒေ စိုးမိုးမှု မရှိတော့ပါလျှင် အုပ်ချုပ်ရေး ယန္တရားသည် အကြွင်းမဲ့အာဏာကို ဆောင်ယူသွားပါလိမ့်မည်။ တရားဥပဒေ စိုးမိုးမှုကို ထိန်းသိမ်းကာကွယ် စောင့်ရှောက်နိုင်ခြင်း သည် အုပ်ချုပ်ရေး ယန္တရား လည်ပတ်ရာတွင် အခေါင်အချုပ် အရေးပါသည့် နေရာ၌ ရှိပါသည်။

ဖွဲ့စည်းပုံ အခြေခံဥပဒေ၏ အာဏာပိုင်စိုးမှု ခိုင်မာခြင်းသည် ဒီမိုကရက်တစ် လူ့အဖွဲ့အစည်း အခွန့်ရှည်ကြာ တည်တံ့မှု၏ အကြောင်း ဖြစ်ပါသည်။

## Legal Profession

ဥပဒေနှင့်အညီ အသက်မွေးမှု၊ ဥပဒေဖြင့် နိုင်ငံတော်ကို အကျိုးပြုရ သော ရှေ့နေလုပ်ငန်းသည် အခြားသော အသက်မွေးလုပ်ငန်းများ နှင့် သဘာဝအားဖြင့်မတူ၊ ပိုမိုမွန်မြတ်သည် ဆိုချင်ပါသည်။ နိုင်ငံ သူ နိုင်ငံသားတိုင်း ခံစားထိုက်သည့် ဘဝလုံခြုံမှု၊ လွတ်လပ်မှု၊ ပစ္စည်းဥစ္စာ ပိုင်ဆိုင်မှုများအတွက် ဥပဒေဘောင်အတွင်းမှ ခုခံပေး


mgyoe.com

mgyoe.com

SAMPLE BOOK

သူ၊ ထိန်းသိမ်းစောင့်ရှောက်ပေးသူ၊ တစ်ဖက်သတ် အဖိနှိပ်ခံများအား ကူညီသူ၊ အပြစ်ကင်းသူများအား ခုခံကာကွယ်ပေးသူ၊ ဥပဒေကို လွန်ကျူး ချိုးဖောက်သူများအား ဖိနှိပ်ခြင်းဖြင့် အခြေခံဥပဒေပါ အခွင့်အရေးများကို ကာကွယ် စောင့်ရှောက်သူအဖြစ် ရပ်တည်ရပါသည်။

အုပ်ချုပ်ရေးဘက်ကြောင့်ဖြစ်စေ၊ ဥပဒေပြုဌာနဘက်ကြောင့်ဖြစ်စေ၊ မီဒီယာလက်နက်ကြောင့်ဖြစ်စေ၊ ယုတ်စွအဆုံး လူအင်အားဖြင့် အကြင်နာတရား ကင်းစွာ အငမ်းမရ အပိုင်စီးမှုများကြောင့်ဖြစ်စေ မတရားလက်လွတ် ခံစားရသူများအား သူ့နေရာမှန် ပြန်ရောက်စေရန် အလုပ်အကျွေးပြုသည့် အသက်မွေးမှု ဖြစ်ပါသည်။ လူတိုင်း လိုချင် တောင့်တသည့် မျှော်လင့်ရည်မှန်းချက်ကို ထိုက်ထိုက်တန်တန် ဖြည့်ဆည်းပေးရန် ဆောင်ရွက်ရသည့် သဘောလက္ခဏာ ဆောင်ပါသည်။

ထို့ကြောင့်ပင် ရှေ့နေရှေ့ရပ်များသည် ကိုယ့်ကိုယ်ကိုယ် လေးစားပြီး ကိုယ့်နာမည်ကိုယ် ထိန်းသိမ်းသူများအဖြစ် ရပ်တည်ကာ ထိုရပ်တည်ချက်ကို ထိခိုက်စေမည့် အရာဟူသမျှကို ရှောင်ကြဉ်ရပါမည်။ နိုင်ငံ၏ အနာဂတ်ကို စောင့်ရှောက်သူများအဖြစ် ကျင့်ကြံနေထိုင်ကြရမည် ဖြစ်ပါသည်။ ဒီမိုကရက်တစ် လူ့အဖွဲ့အစည်းတစ်ရပ်၏ ရပ်တည်ချက်မျိုးစေ့သည် တရားဥပဒေနှင့်အညီ ဖြစ်စေလိုသည့် စိတ်ရင်းရှိသူ၏ ခေါင်းဆောင်မှုအောက်တွင်သာ ရှင်သန်ကြီးထွားနိုင်ပါသည်။

ဥပဒေပညာဖြင့် အသက်မွေးဝမ်းကျောင်းကြသည့် နယ်ပယ်သည် ရှုပ်ထွေးပွေလီလှသော ပြဿနာများကို အရည်အချင်း ပြည့်ဝ


mgyoe.com

mgyoe.com


စွာ ထိတွေ့ကိုင်တွယ်နိုင်သည့် အတတ်ပညာအား စဉ်ဆက်မပြတ် လေ့ကျင့် မွေးထုတ်လျက်ရှိပါသည်။ ထိုနယ်ပယ်တွင် ပါဝင်နေသူများသည် လူ့အဖွဲ့အစည်း၏ အောက်ခံအလွှာဖြစ်သော လူထုနှင့် နီးနီးကပ်ကပ် အဆက်မပြတ် ဆက်ဆံနေသူ လူ့မလိုင်များလည်း ဖြစ်ကြပါသည်။

## Lawyer (ရှေ့နေ)

(က) ရှေ့နေရှေ့ရပ် ဆိုသည်မှာ 'သူသည် ကောင်းသော ဂုဏ်သတင်း မွေးသူအဖြစ် ထင်ပေါ် ကျော်ကြားသူဖြစ်သည်ကို လူ့အဖွဲ့အစည်းက သံသယ မရှိကြရလေအောင် သူ့ကိုယ်သူ သက်သေထူကာ နေထိုင် ရှင်သန်သည့် လူတန်းစားတစ်ရပ်ဖြစ်သည်' ဟု တကျိုကျို ဝေဖန်ကြပါသည်။ ထိုဝေဖန်သူများသည်ပင် ယင်းတို့၏ အပြုအမူတစ်ရပ်ရပ်ကြောင့် အတိုင်းအတာတစ်ရပ်အထိ တာဝန်ခံရတော့မည့် အရေးကြုံလာသည့်အခါ ရှေ့နေရှေ့ရပ်ကို ခေါ်၍ မိမိ ခံယူရမည့် တာဝန် အတိုင်းအတာအား တိုင်းတာစေပြန်ပါသည်။ ရှေ့နေရှေ့ရပ်ဟူသည် ခေတ်အပြောင်းအလဲကိုလည်း သိရမည်။ အပြောင်းအလဲနှင့်အညီ ကိုယ့်ကိုယ်ကိုယ်လည်း လိုက်လျောညီထွေဖြစ်အောင် ထိန်းကျောင်းနိုင်ရပါမည်။

(ခ) ရှေ့နေတစ်ဦးသည် သီးသန့် တစ်ဦးတည်း ထီးထီးရပ်တည်၍ မရပါ။ ထို့အပြင် အမျိုးဇာတိကို အကြောင်းပြု၍ အုပ်စုဖွဲ့ဝါဒ၊ ဘာသာစွဲဝါဒ၊ ဒေသစွဲဝါဒတို့ကို


mgyoe.com

mgyoe.com 

ဆုပ်ကိုင်ထား၍လည်း မရပါ။ အားလုံးကို သိရှိအောင် လေ့လာပြီး တည့်မတ်မှန်ကန်စွာနှင့် စည်းလုံးညီညွတ်စွာ နေထိုင်တတ်ရပါမည်။ ယင်းအပြုအမူ ဝါဒစွဲများကြောင့် မိမိ၏ လုပ်ငန်းအပေါ် ထားရှိရသည့် သဘောထား ယိမ်းယိုင်သွားခြင်း ရှိမရှိ ဆန်းစစ်နေသင့်ပါသည်။ ဤပညာဖြင့် နိုင်ငံသားအများအား အဆင့်အတန်း မြှင့်တင်နိုင်ရမည်၊ သို့မှသာ နိုင်ငံအေးချမ်း ညီညွတ်ကြမည်ဟု တွေးခေါ် ခံယူထားရပါမည်။

(ဂ) ရှေ့နေတစ်ဦးသည် မိမိ လေ့လာပြီးသမျှဖြင့်သာ ရောင့်ရဲပြီး ဆက်လက်တိုးမြှင့်လေ့လာရန် တွန့်ဆုတ်နေခြင်းဖြင့် မိမိကိုယ်မိမိ အကန့်အသတ်ဘောင်အတွင်းမှ မထားသင့်။ နိုင်ငံ၏ အရေးအရာကို စိတ်မဝင်စား၊ နိုင်ငံသားများ၏ ဘဝကိုလည်း စိတ်မဝင်စား၊ ကိုယ့်အတွက်ချည်းသာ ရှေးရှု ဆောင်ရွက်မည် ဆိုပါကလည်း ထိုရှေ့နေသည် ရှေ့နေ မပီသသေး ဟူ၍သာ ဆိုရပါမည်။ မိမိလေ့လာမှု အကန့်အသတ်ဘောင်ကို ကျော်လွန်ပြီး အချိန်အနည်းငယ်ယူကာ နိုင်ငံသားများ၏ ဘဝရှင်သန် လှုပ်ရှားမှုများကို ကြည့်ရှုခြင်းဖြင့် မိမိအသက်မွေးလုပ်ငန်းတွင် အသုံးချတတ်ရန် လိုအပ်ပါသည်။

Sir A.K. Iyer က ရှေ့နေများသည် အမှုလိုက် ငွေကြေးရှာဖွေခြင်းဖြင့်သာ မိမိဘဝကို ကုန်ဆုံးစေသည့်ခေတ် ကုန်ပါပြီ၊ လူ့အဖွဲ့အစည်းတွင် နေရာတစ်ခု ထူထောင်ကာ အဖွဲ့အစည်းအား တာဝန်ယူလိုသော အသိစိတ်ဓာတ် အမြင် ချဲ့ထွင်သင့်ပါသည်။ လူ့အဖွဲ့



mgyoe.com

mgyoe.com


အစည်း၏ လူမှုဘဝ၊ စီးပွားရေးဘဝ သာယာရေးကို ခွန်အားစိုက်ထုတ်ကာ ဆောင်ရွက်နိုင်စွမ်းသူ ဖြစ်လာအောင် ပြင်ဆင်ထားသင့်ပါသည်ဟု မှတ်ချက်ပြုဖူးပါသည်။

ယခင် အယူအဆဟောင်းတွင် ရပ်တည်လျက်ရှိသူ ရှေ့နေများရှိပါသည်။ ယနေ့ခေတ်တွင် ယင်းအယူအဆဟောင်းကို နှုတ်ဆက်ခွဲခွာသင့်ပါပြီ။ မျက်မှောက်အခြေအနေကို လျစ်လျူရှု အကျိုးမပြုပါက ရှေ့နေအဖွဲ့အစည်းသည် ရေစုန်မျောသွားနိုင်သည်ကို မမေ့သင့်ပါ။ ထို့ကြောင့် ရှေ့နေရှေ့ရပ်များအား ၎င်းတို့ တပ်ဆင်ရမည့် လက်နက်တစ်ခုအဖြစ် 'မိမိပြည်သူ့အရေးအရာများကို စိတ်ဝင်စားပါ' ဟု တိုက်တွန်းအပ်ပါသည်။

(ဃ) ရှေ့နေတစ်ဦးသည် ဤနိုင်ငံ၏ နိုင်ငံသားတစ်ဦး ဖြစ်သည်။ မိမိနေထိုင်ရာ နိုင်ငံရှိ လူ့အဖွဲ့အစည်းအတွက် တာဝန်ရှိပါသည်။ ဤတာဝန် ဆိုသည်မှာ ပြည်သူ့ဝန်ကို ထမ်းဆောင်လျက်ရှိသည့် အာဏာပိုင်အား ထောက်ကူအမှုထမ်းသူအဖြစ် မိမိကိုယ်ကို ခန့်အပ်ထားခြင်း ဖြစ်ပါသည်။

အများအကျိုးဆောင်သူ၊ ခွန်အားစိုက်ထုတ်သူ၊ စေတနာကောင်း မွေးမြူထားသူအဖြစ် နေထိုင်သင့်ပါသည်။ Prof. Einstein က "လူသည် လူသားများအတွက်သာ ဖြစ်ရပါမည်၊ မိမိ၏ အသိုင်းအဝိုင်းအတွင်းရှိ ဘဝများ၊ ပြင်ပမှ ဘဝများကို မည်သို့ အကျိုးဆောင်ခဲ့သည်၊ မိမိ ရရှိ ခံစားခဲ့ရသလောက် မည်သို့ တုံ့ပြန် အလုပ်


mgyoe.com

mgyoe.com
SAMPLE BOOK


အကျွေးပြုရမည်တို့ကို နေ့စဉ် အကြိမ်များစွာ စဉ်းစားနေ၊ သိရှိနေရသည်” ဟု ပြောခဲ့ပါသည်။

(င) ရင်းကပင် ဆက်လက်၍ ကိုယ့်ကိုယ်ကိုယ် ယုံကြည်ပါ။ ကိုယ့် အနာဂတ်ကိုလည်း စိတ်ချ ယုံကြည်ထားပါ။ ယုံယုံကြည်ကြည် လုပ်တဲ့အလုပ် မှန်သမျှ မပြီးစီးနိုင်တာမရှိ (ဆန္ဒာဓိပတိ)။ ပြီးနိုင်မှာ မဟုတ်ဘူး ဆိုသောစိတ်ဓာတ်ဖြင့် ပျက်စီးသွားတာ မဖြစ်ပါစေနှင့်။

ကိုယ့်ကိုယ်ကိုယ် စိတ်ချ ယုံကြည်ထားမှသာ မျှော်မှန်းသည့်အတိုင်း အောင်မြင်မည် ဖြစ်ပါသည်။ ကိုယ့်အတွင်းစိတ်ဓာတ်၏ ခွန်အားကို သိရှိနားလည် သဘောပေါက်ထားပါ။ စိတ်ခွန်အားဖြင့် အကောင်းဆုံး လုပ်နိုင်သမျှ အားထုတ် ဆောင်ရွက်တတ်အောင် လေ့ကျင့်ပါ။ ယုံကြည်စိတ်ချမှု ရှိသူအတွက် သာယာပျော်ရွှင်ဖွယ် လမ်းသည် အသင့်ခင်းပြီးဖြစ်သည်ဟု ထိုသူကိုယ်တိုင်ပင် မသိစိတ်က သိရှိနေပါသည်။ ဤသို့ ဖန်တီးနိုင်စွမ်းရှိသူသည်သာ မည်သည့်ဘဝမျိုးရောက်ရောက်၊ မည်သည့်အခက်အခဲကို ကြုံတွေ့ကြုံတွေ့ ရင်ဆိုင်နိုင်စွမ်းရှိသူ ဖြစ်ပါသည်။ ဖန်တီးနိုင်သည့် စွမ်းအင်သည် ကာယဗလ စွမ်းအင်ထက် ကြီးမားပါသည်။ ဤပုဂ္ဂိုလ်မျိုးအား ရည်မှန်းချက်အတိုင်း မလျှောက်ဖြစ်အောင် အတိုက်အခံပြုမှု၊ တစ်ဖက်သတ် စွပ်စွဲ ပုတ်ခတ်မှု၊ ကြောက်အောင် ခြောက်လှန့်မှု၊ ကံကြမ္မာက မျက်နှာသာ မပေးမှုတို့က လမ်းသွေဖည်မသွားစေနိုင်ပါ။ ပန်းတိုင်ရောက်အောင်သွားမည့် ဆန္ဒမီးတောက်အား ငြိမ်းစေနိုင်မည် မဟုတ်ပါ။ ထို့ကြောင့် စိတ်ဓာတ် ခိုင်မာအောင် တည်ဆောက်ပြီး ဘဝကို အကောင်းဆုံး ပြုပြင်တတ်ဖို့ လိုပါသည်။


mgyoe.com

mgyoe.com
SAMPLE BOOK


ကျွန်ုပ်တို့သည် မိမိဘဝရှင်သန်နေရန် အစဉ်လှုပ်ရှားနေရသည့် အလုပ်လုပ်သားများ ဖြစ်သည်။ အချိန်ကာလ ဖြတ်သန်းမှုကိုသာ သိနေသည် မဟုတ်၊ တွေးခေါ်မြော်မြင်တတ်သည့် လူသားများ ဖြစ်ပါသည်။ ဝင်သက်ထွက်သက်သာ ရှူနေသူ မဟုတ်၊ အသိဖြင့် ခံစားနေထိုင်တတ်သူများ ဖြစ်ပါသည်။ အချက်အလက် ကိန်းဂဏန်း ရေတွက်မှုတွင် နစ်မွန်းနေသူမဟုတ်၊ မိမိနှလုံးခုန်သံ နရည်နှင့် စည်းချက်ကို ခံစား ရေတွက်တတ်သူများ ဖြစ်သည်။ ထို့ကြောင့် "အကောင်းဆုံး တွေး၊ အမွန်မြတ်ဆုံး သိရှိခံစား၊ အစွမ်းဆောင်နိုင်ဆုံး ဆောင်ရွက်ခြင်းဖြင့် နေထိုင်ပါ" ဟု အကြံပြုထားပါသည်။

ရည်ရွယ်ချက်မရှိ၊ မျှော်မှန်းထားတာ မရှိခဲ့ပါလျှင် အလုပ်လုပ်တာလည်း မရှိနိုင်၊ အောင်မြင်မှု ဆိုတာလည်း မရနိုင်။ ဤတွင် ဤလူ၏ ဘဝသည် ထူးမခြားနား လည်ပတ်နေသည့် ချားရဟတ်ကြီးထဲမှ ငြီးငွေ့ဖွယ် မဲပြာပုဆိုးဘဝအဖြစ် ခြောက်ကပ်စွာ ဖြတ်သန်းရပါလိမ့်မည်။

(စ) မတူညီသော ဘဝပတ်ဝန်းကျင် အသီးသီးမှနေ၍ နိုင်ငံကို အစွမ်းဆောင်နိုင်ဆုံး အမှုထမ်း အလုပ်အကျွေးပြုနိုင်ရန် ရှေ့နေပညာသည် ကောင်းကောင်းကြီး လမ်းဖွင့်နေပါသည်။ မိမိ၏ တာဝန်ယူလိုသော စိတ်ဓာတ်ကပင် မိမိအား ထင်ပေါ်ကျော်ကြားသူအဖြစ် အကျပ်အတည်းကို ကျိုးကြောင်းဆီလျော်စွာ ဖြေရှင်းတတ်သူ၊ စွန့်စားကျော်ဖြတ်တတ်သူအဖြစ်သို့ ရောက်ရှိစေပါသည်။ ယင်းသို့အနေသို့ ရောက်ရှိရန်မှာမူ သတ္တိမွေးရပါမည်။အများအကျိုး ရှေးရှုရပါမည်။ ကိုယ်ကျိုးမငဲ့ဘဲ အကောင်းအဆိုး


mgyoe.com

mgyoe.com
SAMPLE BOOK


ခွဲခြားသိမြင်သူအဖြစ်ဖြင့် လူ့ကောင်းကျိုးကို ဆောင်ရွက်သူ ဖြစ်ရပါမည်။

ကိုယ်ကျိုးမငဲ့၊ အလုပ်ကို အားသွန်ကြိုးပမ်းသူ၊ အုပ်စုဂိုဏ်းဂဏ အစွဲကင်းသူ၊ အမျိုးချစ်သူသည်သာ အမျိုးသား အကျိုးစီးပွားကို သယ်ဆောင်နိုင်ပါသည်။

'အတ္တကို အောင်နိုင်သည့် အမှုထမ်း' ဖြစ်ပါစေ။

(ဆ) ယနေ့အချိန်သည် ရှေ့နေရှေ့ရပ်များအား အစိုးရနှင့် ပြည်သူကို ပခုံးနှင့်ထမ်း၍ အကျိုးဆောင်ပေးရန် အခွင့်အလမ်းများ ရရှိနေသည့်အချိန် ဖြစ်ပါသည်။ တာဝန်ထမ်း အကျိုးဆောင်နိုင်ရန်မှာ စိတ်ဓာတ်ခွန်အားသက်သက်ဖြင့်တော့ မပြည့်စုံနိုင်ပါ။ အသက်မွေးမှုဆိုင်ရာ ကျင့်ဝတ် သိက္ခာများကို စောင့်စည်း လိုက်နာရန်ကား လိုအပ်ပါလိမ့်မည်။ ကောင်းစွာလေ့လာ သင်ယူထားရပါမည်။ အသိ သိသလောက် သဘောထား ကျယ်ကျယ်ပြန့်ပြန့်ဖြင့် ခံယူ ကျင့်သုံးနိုင်သူ ဖြစ်ရပါမည်။ ထို့အပြင် နေ့စဉ်ဖြစ်ပေါ် ပြောင်းလဲလျက်ရှိသော ကမ္ဘာ့ခေတ်ပြိုင်ရေးရာများကိုလည်း အကျွမ်းတဝင် ရှိနေရပါမည်။

(ဇ) ယခင်ကရော ယခုပါ ဖွဲ့စည်းပုံ အခြေခံ ဥပဒေဆိုင်ရာ ဥပဒေ ပြဿနာများ၊ အာဏာတည်ဆဲ ဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့် စပ်လျဉ်းသည့် ငြင်းခုံမှုများ အခါမလပ် ပေါ်ပေါက်နေပါသည်။ ယနေ့အချိန်သည် ရှေ့နေရှေ့ရပ်များ၏ ဉာဏ်ရည်ဉာဏ်သွေးကို လူအများက


mgyoe.com